# အိမ်မြှောင်လျှောင်အိမ် အခန်း ၃၁

လက်သီးတစ်စုံကို တင်းတင်းဆုပ်ပြီး တောင့်တောင့်ကြီးချထားတယ်။ မျက်နှာမှာအပွန်းအပဲ့တွေနှင့်။ **“ အိုမင်းနေတဲ့လူတွေတောင် အပြင်မှာတောင်းစားရင် ရတာဘဲ။ ဒီတော့ဘာဖြစ်လဲ? ငါဘာကို ဂရုစိုက်ရမှာလဲ။ ”** ကုလားလေးစိတ်ဟာ ပြင်းပြင်းထန်ထန်လှုပ်ရှားနေတယ်။ ကောင်လေးဟာ ကိုယ့်အတွက် စားစရာဘယ်လိုဘဲဖြစ်ဖြစ်ရှာနိုင်တယ်ဆိုတာသိတယ်။ ကောင်လေးဟာ ကိုတေဇ(သို့)တေးဆိုငှက်ရဲ့ အပ်ချွန်လိုမျက်လုံးစူးစူးတွေနဲ့ အကြည့်ခံနေရတာ ခံပြင်းနေတယ်။ ကိုတေဇဟာလည်း ကောင်လေးရဲ့ လျှို့ဝှက်ချက်ကို မေးလည်းမကြည့်ဘူး။ သူ့ ဖာသာသာသူ ရင်ထဲသိမ်းထားတယ်။

ကောင်လေး ဘောလ်ပင်အဖြူလေးအကြောင်းကို စဉ်းစားနေတယ်။ အခုဒီဘောလ်ပင်လေးဟာ ကိုတေဇဟာ မဟုတ်တော့ဘူး။ ကောင်လေးဟာ **“ ဒါဟာငါနဲ့ ထိုက်လို့ ငါရတာ၊ ငါပိုင်တယ်။ ”** ဘာဘဲဖြစ်ဖြစ် ထောင်မှူးကိုလူချောက တေးဆိုငှက်ဆီက ဒီဘောလ်ပင်လေးကို အသဲအသန်လိုက်ရှာနေတယ် မဟုတ်လား။ ကောက်ရိုးပုံတွေထဲမှာ ဘောလ်ပင်လေးကို ကောင်လေးဝှက်ထားနိုင်တာကို ကျေနပ်နေတယ်။ ဒီဘောလ်ပင်လေးအကြောင်းကိုသိတာ သူတစ်ယောက်တည်း မဟုတ်လား။ **“ဘယ်သူ မှ ငါသိမ်းထားတဲ့ အဖိုးတန်ဘော်လ်ပင်လေးကို ငါ့ဆီကမယူနိုင်တော့ဘူး။”**

စိတ်လှုပ်ရှားပူပင်မှုတွေနှင့် ကောင်လေးဟာသူ့ ရဲ့ သံအစုတ်တွေ၊ သစ်သားအပိုင်းတွေနှင့် ဆောက်ထားတဲ့နေရာလေးကိုသွားပြီး စောင်ခြုံအိပ်နေလိုက်တယ်။ ဒါပေမဲ့ သူ့ မှာ လောလောဆယ်ဆယ် အရေးတကြီးလုပ်စရာတွေရှိတယ်။

ပထမဦးဆုံး သူ့ ရဲ့ ငါးကြော်ကို မီးဖိုချောင်ထဲမှာသွားယူရမယ်။ ပန်းကန်ပြားနှင့် ဖိုကြီးထဲကယူလာခဲ့တဲ့ ငါးကြော်တကောင်။ ဒါဟာ သူ့ လုပ်အားခဘဲ မဟုတ်လား။ တတ်နိုင်ရင် သူဟာခရမ်းသီးကို ချောင်းကြည့်ချင်သေးတယ်။ ခရမ်းသီးဆိုတာ ဝတုတ်တုတ်လူကြီး။ မီးဖိုချောင်က ကြမ်းတမ်းတဲ့လူကြီးရဲ့ နာမည်ကို ခေါ်တာဖြစ်တယ်။ တတ်နိုင်သလောက် ဝေးဝေးနေတယ်။ အဲဒီလူဝကြီးဟာ ထောင်ကျပေါက်စကလေးတွေကို မတရားအနိုင်ကျင့်တတ်တယ်။ ထောင်ကျအသစ်တွေဟာ ကုလားလေးထက်အသက် နည်းနည်းကြီးကြတယ်။ အဲဒီထောင်ကျအသစ်လေးတွေ မီးဖိုချောင်ဖိုကြီး နောက်ဖက်အပေါက်ကထွက်ထွက်လာတတ်ပြီး မျက်နှာတွေဟာ အရိုက်ခံထားရသလိုပုံစံ ဖြစ်နေပေမဲ့ ပွန်းပဲ့နေတဲ့အရာတွေတော့ မမြင်ရပါ။

ကောင်လေးပါးစပ်ကို သုတ်လိုက်တယ်။ သူ့ ရဲ့ ရန်သူကို သေသေချာချာ ရှာလိုက်တယ်။ ဖိုကြီးထဲက ခရမ်းသီး ဝဝတုတ်တုတ်ကြီးကို ကောင်လေးသိပ်မုန်းတယ်။ ဒါပေမဲ့ မီးဖိုချောင်ထဲက စားစရာတွေကိုတော့ သူသဘောကျနေတယ်။ တစ်ခါတလေဆို

ငါးခြောက်အနံ့ တွေ့ရတယ်။ ကြက်သားကြော်နံ့ တွေ့လည်းရတယ်။ အရိုးတုံးကြီးကြီးနှင့် အသားတွေကပ်နေတဲ့ အမဲသားတုံးကြီးတွေကို တွေ့နိုင်တယ်။ ရေစိုနေတဲ့ ကွန်ကရစ်ကြမ်းပြင်ကိုကြည့်ရင်း၊ အိုးတွေ၊ ပန်းကန်ခွက်ယောက်တွေကိုကျော်သွားပြီး အသီးအရွက်တွေ ကုလားပဲတွေ အိတ်လိုက်ထားတဲ့နေရာကိုလည်း ကျော်လာရင်း နောက်ဆုံးတန်းက မီးဖိုတွေဆီရောက်လာတယ်။ နောက်ဖက်ထွက်တဲ့ တံခါးရှေ့က ဆန်အိတ်တွေပေါ်မှာ ချက်ကြီး ပက်လက်လှန်လှဲနေတာ တွေ့ရတယ်။ တကယ်ဆိုရင် သူ့ရန်သူဟာ ခုထက်ထိ မအိပ်သေးပါလား။ လက်ချောင်းတွေနှင့် သွားကြားထိုးနေတာ တွေ့ရတယ်။

အဝင်ဝဖက်မှာတော့ ပန်းကန်ဆေးနေတဲ့သူတွေ၊ စကားတွေတပြောပြောနှင့် ပန်းကန်ဆေးနေကြတယ်။ ကောင်လေးကို တွေ့ပေမဲ့ ပန်းကန်ဆေးနေတဲ့ထောင်ကျတွေက ဂရုမစိုက်ပါ။ ဒါနှင့် တေဇစားထားတဲ့ ပန်းကန်ကို ဆေးတဲ့နေရာမှာတင်လိုက်ရင်း သူ့ရဲ့ရော်ဘာဖိနပ်ကို ချွတ်လိုက်တယ်။ အသားတွေခုတ်တဲ့နေရာကို ကျော်သွားရင်း ငါးကြော်ရှိရာကို တိတ်တိတ်လေး ဘယ်သူမှမသိ၊ မရိပ်မိအောင် လှမ်းလိုက်တယ်။ အခွင့်အရေးရရင် သူ့တခုခုတော့ခိုးမယ်။ ဒါမှ ကောင်းကောင်းစားရမယ် မဟုတ်လား။ နောက်ဖက်နံရံကြီးရဲ့တဖက်ခြမ်းမှာ ထောင်ပိုင်ကြီးအတွက်ချက်ထားတဲ့ အကောင်းစားဟင်းလျာတွေရှိတယ်။ နူးအိနေအောင် ချက်ထားတဲ့ အသားတုံးကြီးတွေဟာ သူ့ကို ပြုံးပြနေသလိုဘဲ။ အဲဒီလိုအကောင်းစားတွေကို နောက်တခါစားရဖို့ လတွေစောင့်ရဦးမယ်။ အခွင့်အရေးရဖို့ မလွယ်ပါလား။

များသောအားဖြင့် ပူအိုက်တဲ့ရာသီတွေမှာ ခရမ်းသီး ဝတုတ်တုတ်ချက်ကြီးဟာ ဆေးထိုးခံထားရတဲ့ ဝက်ကြီးတကောင်လို အိပ်နေတတ်တယ်။ ကုလားလေးဟာ မနက်စာထမင်းပန်းကန်တွေ ပြန်သိမ်းထားပြီး ပြန်ပို့တဲ့အခါမှာ ခရမ်းသီးကြီးဟာ နည်းနည်းအေးတဲ့ စားပွဲခုံတွေပေါ်မှာ အိပ်နေတတ်တယ်။ သွားရည်တွေပါးစောင်းမှကျပြီး တခေါခေါနှင့် အိပ်နေတတ်တယ်။ ချက်ကြီးရဲ့အနောက်ဖက်ကို တိတ်တိတ်လေးခိုးပြီး အသံလုံလုံနှင့် သူခိုးသွား သွားနေတယ်။ အိုးခွက်ပန်းကန်တွေကို မတိုက်မိအောင် သေသေချာချာ လျှောက်တယ်။ ချက်ပြီးကျန်နေတဲ့ ဟင်းအကျန်ကို ဟင်းအိုးကိုမပြီး အားရပါးရ မော့သောက်လိုက်တယ်။ သိပ်အရသာရှိတဲ့ဟင်း။ ခိုးထားတဲ့ဆီတွေနှင့် သေသေချာချာချက်ထားထင်တယ်။

ကောင်လေး သက်ပြင်းချလိုက်ရပြီ။ အခုဟာ ခရမ်းသီးချက်ကြီး နေ့ခင်းအိပ်လို့ကောင်းနေတဲ့ ပူပြင်းတဲ့နွေရာသီ မဟုတ်တော့ဘူး။ မိုးရာသီ ဩဂုတ်လထဲရောက်နေပြီဆိုတာ သတိရလိုက်တယ်။ ခရမ်းသီးကြီး သူ့ဘက်ကို လှည့်ကြည့်လိုက်ရင်း **"ကောင်လေး ဒီနားကိုလာဦး၊ မင်းပါးစပ်ထဲကို အရသာရှိတာတွေ ထဲ့ပေးမလို့၊ ဒီကိုလာစမ်း ။"**

**" ဆရာ ကျနော် ငါးကိုလာယူတာပါဆရာ။ "** ခရမ်းသီးကြီး ထထိုင်လိုက်ရင်း

ခြေထောက်နှစ်ချောင်းကို ချိတ်ထိုင်လိုက်တယ်။ **" ဟုတ်တယ်၊ မင်းဘာကို လာယူတယ် ဆိုတာ ငါသိပါတယ် ခွေးသားလေး။ "** ချက်ကြီးဟာ သွားခြားထိုးတံကို ပါးစပ်ကထွေး ထုတ်လိုက်တယ်။ **" မင်းသေချာလား။ ငါးကြော်ဘဲလာယူတယ် ဆိုတာ။ ထမင်းရော စားပြီးပြီလား။ အရသာသိပ်ရှိတဲ့ဟင်းရော မလိုချင်ဘူးလား။ မင်းကြိုက်တယ်ဆိုတာ ငါသိ ပါတယ်။ "** အော်ပြီးရယ်လိုက်ရင်း ချက်ကြီးလုံချည်ကို ပြင်ဝတ်လိုက်တယ်။ ကောင်လေး သိပ်ကြောက်လာတယ်။ ခရမ်းသီးကြီးလက်ကလွတ်ဖို့ အခွင့်အလမ်းသိပ်မရှိဘူး။

**" ကျနော် တကယ်ငါးကြော် လာယူတာပါတာဆရာ။ "**သူတို့နှစ်ယောက် တယောက်မျက်နှာတယောက် ကြည့်လိုက်တယ်။ ချက်ကြီးဟာ မီးဖိုခမ်းမကြီးထဲ ဝင်သွား တယ်။ ချက်ကြီးရဲ့လက်အောက် ချက်လေးတွေ ထမင်းချက်၊ ဟင်းရည်ပြုတ်နေရာကို တွေ့ရတယ်။ အဲဒီနေရာမှာ ထောင်ကျအကျဉ်းသား ထောင်ချီအတွက် နေ့စဉ်စားစရာ ချက်တဲ့နေရာ ဖြစ်ပါတယ်။ အဲဒီနေရာမှာလည်း ငွေကြေးတတ်နိုင်တဲ့ အကျဉ်းသားထောင် ကျတွေအတွက် ငါးကြော်တဲ့နေရာလည်း ဖြစ်တယ်။

ကောင်လေးကို ပေးထားတဲ့ငါးကြော်ကို အမြီးကကိုင်ပြီး ကြမ်းပြင်ပေါ် ပစ်ချ လိုက်တယ်။ **" ဟာဒုက္ခပဲကွာ၊ ငါ့လက်က ဆီတွေနဲ့ချောနေလို့ မင်းငါးကြော်ပြုတ်ကျ သွားတယ်။ ဒါပေမဲ့ မပူပါနှင့်၊ ကြမ်းပြင်က သန့်ပါတယ်။ မင်းစားလို့ ရပါတယ်။ ကောင် လေး မလှုပ်မယှက်နှင့် ချက်ကြီးကို စိုက်ကြည့်နေလိုက်တယ်။ "** ဒီလောက်ညစ်ပတ်တဲ့ ကြမ်းပြင်ပေါ်က ငါးကြော်ကို ဘယ်လို သူစားလို့ရမှာလည်း။

**" မအေပေးလေး၊ ဘာငေးနေတာလည်း။ ကုလားစုတ်လေး၊ ကြမ်းပြင်ပေါ်က ငါးကြော်ကို အခုကောက်လိုက်စမ်း။ "**ဝတုတ်ကြီးဟာ အပြင်ကိုထွက်သွားရင်း လက်သီး ကိုဆုတ်ထားတယ်။ စိတ်တိုတိုနှင့် ဖိုထဲက သူ့တပည့်တွေကို ဆဲရေးတိုင်းထွာနေတယ်။ ဝတုတ်ကြီး ပြန်ဝင်လာတဲ့အချိန်မှာ ကောင်လေးဟာ သူ့လုပ်အားခငါးကြော်ကို ကောက် ယူလိုက်တယ်။

အပြင်ဘက်ထွက်သွားပြီး ရေများများနှင့်ဆေးလိုက်ပြီး ငါးကြော်ကိုအရိုးပါမကျန် စားလိုက်တယ်။ ပိုက်ခေါင်းကရေကို သောက်လိုက်တဲ့အချိန်မှာ လည်ချောင်းကတဆင့် ဗိုက်ထဲစီးဆင်းသွားတာကို သိရှိခံစားလိုက်ရပါတယ်။ ထောင်နံရံတွေနှင့် ဆေးရုံတို့အကြား မှာ ချောင်းလိုရေတွေ ခဲနေတယ်။

မုတ်သုံရာသီဟာ အဲဒီဆေးရုံနောက်က ချောင်းတွေ၊ ဖိုကြီးကချောင်းတွေပေါင်း ပြီး ညစ်ပတ်စွာစီးနေကြတယ်။ ကောင်လေးဟာ အဲဒီချောင်းလေးထဲ ဆင်းလိုက်တယ်။ ခြေမနှင့်ကော်ကြည့်တယ်။ တခါတလေ ကြက်ခြေထောက်ရိုးတွေ၊ ကွမ်းသီးခြမ်းတွေ ရတယ်။ ဒီချောင်းဟာ ကုလားလေးအတွက် စာသင်ခန်းတခုဖြစ်တယ်။ လူတွေမလိုလို့ ပစ်လိုက်တဲ့ အထဲက ပြန်အသုံးချနိုင်အောင် ကုလားလေးကြိုးစားတယ်။ ရေစီးဟာ ထောင်နံရံကြီး

အောက်ထဲဝင်သွားတယ်။ အဲဒီနေရာကိုတော့ ကုလားလေးကြောက်တယ်။ ထောင်ဝါဒါတွေရဲ့ ပြောပြချက်အရ ရေထွက်ပေါက်ဇကာကြီးမှာ မြွေဆိုးတွေရှိတတ်တယ်။ လူတွေအိပ်တဲ့အခါမှာ မကောင်းဆိုးဝါးတွေဟာ ထောင်ထဲမှာနှင့်ထောင်နံရံ အပြင်ဖက်က သေတဲ့လူတွေရဲ့ ကိုယ်စား မြွေဆိုးတွေဖြစ်လာတယ်။ တယောက်နှင့်တယောက် ခါးနှင့်ထိုးကြ၊ တခါတလေ ဝိုင်းထိုးကြလို့ သေကြတဲ့လူတွေဟာ မြွေဆိုးတွေ ဖြစ်သွားတယ်လို့ ကုလားလေး ထင်နေတယ်။ တချို့ ဟာ ထောင်ထဲမှာ သွေးချို ဆီးချို ဒါမှမဟုတ် တုတ်ကွေး၊ ငှက်ဖျားတို့နှင့် သေတဲ့လူတွေလည်း ရှိတယ်။

အဲဒီ ထောင်ရေဇကာကြီးထဲမှာ အမှိုက်တွေကတဆင့် သောင်းပေါင်းများစွာသော ခြင်တွေမွေးထုတ်ပေးတယ်။ လူတွေရဲ့ သွေးနံ့ ကိုရတဲ့အခါ ခြင်တွေဟာ မိချောင်းတွေ၊ မြွေတွေ၊ သူရဲသဘက်တွေထက်လျှင်မြန်စွာ လူတွေရဲ့ သွေးကိုစုပ်ယူနေကြတယ်။ ခြင်တွေဟာ လူတွေရှိတဲ့ ဘယ်လိုအခန်းကျဉ်းမဆို လွယ်လွယ်ကူကူ ဝင်ထွက်နိုင်ပြီး သွေးအဝစုပ်နိုင်ကြတယ်။

အဲဒီချောင်းအတိုင်းလျှောက်နေရင်း ခြင်ကိုက်တဲ့နေရာကယားလာလို့ ကုတ်လိုက်တယ်။ ရွံ့ ဗွက်ထဲခြေထောက်နစ်သွားတာကို အရသာခံနေတယ်။ ခရမ်းသီးအပုတ်တလုံး ရေပေါ်နေတာကို ကောက်လိုက်တယ်။ ဘာဘဲဖြစ်ဖြစ် ကောင်းနေတဲ့အခြမ်းကို လှီးပြီးစားရင်ရတာပဲ။ လွယ်အိတ်ထဲ ထည့်လိုက်တယ်။

အနည်းငယ်လှမ်းတဲ့နေရာမှာ ကျောက်တုံးစိမ်းစိမ်းလေးတွေတွေ့ တော့ အကောင်းဆုံးဟာကို သူ့ ရဲ့ ရတနာအဖြစ် သိမ်းထားလိုက်တယ်။

တချို့ နေရာတွေဟာ မြက်ပင်တွေသိပ်ရှုတ်နေကြတယ်။ အဲဒီလိုမျိုးနေရာတွေဟာ အကျဉ်းသားလူမိုက်ထောင်ကျသမားတွေ လက်နက်ပုံးဝှက်တတ်ကြတယ်။ ကင်းမြီးကောက်တွေလည်းပေါများတယ်။ ကောင်လေးဟာ မြက်ပင်ရှည်တချို့ ကို ဆွဲနုတ်ပြီး သူ့ ရဲ့ ရွံ့ ပေနေတဲ့ခြေထောက်ကို သေသေချာချာ သုတ်သင်ရှင်းလင်းလိုက်တယ်။ ဘယ်သူမှ မကြားနိုင်လောက်အောင် သီချင်းတိုးတိုးလေးဆိုရင်း လှမ်းလာတယ်။ ကောင်လေးဟာ သူ့ ဟာသူ ဆောက်ထားတဲ့ တဲစုတ်ကလေးထဲမှာ အလွတ်ရတဲ့ သီချင်းစာသားကို အခေါက်ပေါင်းများစွာ သီဆိုနေတယ်။ ဒါပေမဲ့ အဓိပ္ပါယ်ကိုတော့ သေသေချာချာ နားမလည်ဘူး။ တေဇရဲ့အချစ်တော် အိမ်မြှောင်ဟာ တေဇလက်ထဲက ပိုးဖလံကောင်ကို အားပါးတရစားနေတယ်။

အိမ်မြှောင်ဟာ တခါတလေ ကိုယ်ပေါ်က အရည်ခွံကိုအရောင်ပြောင်းတတ်ပါတယ်။ မြွေတွေလိုဘဲဖြစ်တယ်။ ကုလားလေးဟာ အိမ်မြှောင်အရောင်ပြောင်းနေတာကို အစအဆုံးငေးကြည့်နေတယ်။ ဝါဒါတွေ၊ ထောင်မှူးတွေ အိမ်မြှောင်အရည်ခွံလဲ့တာကို မြင်ဘူးကြမယ်မထင်ဘူး။ မြက်ပင်ပေါ်မှာတင်နေတဲ့ ရေစက်တွေကို အကုန်သောက်လိုက်တယ်။ အိမ်မြှောင်ရဲ့ လျှာဟာ ပန်းရောင်လိုဖြစ်တယ်။ ကောင်လေးကို ကိုက်နေတဲ့ခြင်က အချိန်ကြာ

လာတော့ ဝမ်းဗိုက်ဟာသွေးရောင်ထနေတယ်။ ခြင်ထပုံသွားတော့မှ ယားလာတာနှင့် ကုတ်လိုက်တယ်။

နွေးထွေးတဲ့မြေပြင်နှင့် ပန်းပင်တို့ က အနံ့ ကိုခံစားရတယ်။ ကောင်လေးဟာ မရမ်းစေ့ရောင်ပန်းတချို့ ကို ခူးလိုက်တယ်။ လက်တဖက်မှာ ကုလားလေးသဘောကျတဲ့ အစိမ်းရောင်ကျောက်ခဲလေးတွေ၊ နောက်တဖက်က မရမ်းစေ့ရောင်ပန်းတဆုပ်နှင့် ထောင်ဆေးရုံနှင့်ဗိုကြီးဘက်ကို လမ်းလျှောက်နေတယ်။ ထောင်ကြီးရဲ့ ဆေးရုံအစောင့်က ဆေးလိပ်တလိပ်ကို နှစ်ခြိုက်စွာသောက်နေတယ်။ ကုလားလေးက ခင်မင်စွာလက်မြှောက်ပြပြီး နှုတ်ဆက်လိုက်တယ်။ ဆေးရုံအစောင့်က လက်မြှောက်နှုတ်ဆက်ရင်း မီးသေနေတဲ့ဆေးပေါ့လိပ်ကို ခေါင်းငုံ့ ရင်းမီးခြစ်နှင့် မီးညှိလိုက်တယ်။ ဆေးရုံရဲ့ နောက်ဖက်ခြံမ်းမှာရှိတဲ့ သစ်ပင်ရဲ့ အမြစ်ဟာ ထောင်နံရံကြီးအောက်ကနေ တဖက်ကိုဆန့် တန်းနေတယ်။ ကောင်လေးဟာ သစ်ပင်ရဲ့ အမည်တွေကို တခုမှမသိပါ။ ဒါပေမဲ့ သူ့ ဟာသူ အဲဒီသစ်ပင်ကို တန်ခိုးကြီးတဲ့သစ်ပင်လို့ သတ်မှတ်ထားတယ်။ ထောင်ဝါဒါတချို့ က အဲဒီအပင်အကိုင်းတွေကို အနီရောင်၊ ပန်းရောင်၊ လိမ္မော်ရောင်စသည့် ဖဲကြိုးတွေနှင့်ချည်နှောင်ရစ်ပတ်ထားတယ်။ သရက်ပင်လိုလည်း မဟုတ်ပါ။ ထောင်နံရံကို ထိုးဖောက်ကျော်ဖြတ်နိုင်တဲ့ ညောင်ပင်သာဖြစ်ပါတယ်။ ဒီညောင်ပင်အကြောင်းသိတဲ့ အစောင့်တွေဟာ အပင်ခြေရင်းမှာ ပန်းပွင့်တွေနှင့်ပူဇော်ပသထားကြတယ်။

ကုလားလေးဟာ သူ့ ဖာသာသူ သတ်မှတ်ထားတဲ့ တန်ခိုးကြီးတဲ့ နတ်ပင်ရှေ့ မှာ မတ်တပ်ရပ်ပြီး လက်အုပ်ချီထားပါတယ်။ ဘာဘုရားစာမှမတတ်လို့ ဘာမှမရွတ်ပါ။ နှစ်ခါလောက်အသက်ပြင်းပြင်းရှူလိုက်ပြီး ဘယ်သူမှမမြင်ခင် သူ့ လက်ထဲက မရမ်းစေ့ရောင်ပန်းပွင့်တွေကို ဖဲကြိုးတွေထဲ ထည့်လိုက်တယ်။ ရှိခိုးတာလည်းမလုပ်တတ်ဘူး။ ဒါပေမဲ့ စိတ်ထဲက သူ့ အဖေနှင့်အမေကို သတိရလိုက်တယ်။ ကုလားလေးဟာ သူ့ အတွက် အန္တရာယ်မကျစေဖို့ တော့ ဆုတောင်းတယ်။ သူသိပ်ကြိုက်တဲ့ အစိမ်းရောင်ကျောက်တုံးလေးကိုရော နတ်ပင်မှာပူဇော်လိုက်ရမလားဆိုတာ မဆုံးဖြတ်တတ်ပဲဖြစ်နေပါတယ်။ ခြောက်ကပ်နေတဲ့ စပယ်ပန်းကုန်းတွေ ကျန်နေခဲ့တယ်။ နတ်စင်လုပ်ထားတဲ့နေရာမှာ ဝါဒါတွေ၊ ထောင်မှူးတွေ၊ ဆေးရုံအမှုထမ်းတွေ စသဖြင့်တို့ ဟာ စပယ်ပန်းကုံးတွေ၊ လက်ဖက်ရည်ပန်းကန်ပြားနှင့် ထမင်းတွေရယ်၊ ဖန်ခွက်လှလှလေးနှင့်သောက်ရေတို့ ကို နတ်စင်ပေါ်မှာတင်ပြီး ပူဇော်ပသကြပါတယ်။ ကုလားလေးဟာ နတ်စင်ပေါ်က ထမင်းကို ဘယ်တော့မှခိုးမစားပါ။ သူ့ အသိထဲမှာ အဲဒီထမင်းဟာ နတ်စားဖို့ ၊ လူစားလို့ မဖြစ်ဖူးဆိုတာ စိတ်စွဲနေပါတယ်။

သူ့ အဖေလုပ်သလို သူလည်းလိုက်လုပ်ပေမဲ့ တခြားလူတွေလို ဒူးထောက်ပြီး ခေါင်းငုံ့ ဆုတောင်းတာမျိုးမလုပ်ပါ။ တကယ်တော့ ထောင်ဝါဒါသူ့ အဖေဟာ မွတ်ဆလင်ဘာသာဝင်ဖြစ်တယ်။ ကောင်လေးဟာ ဗုဒ္ဓဘာသာဝင်တွေလိုတဲ ခပ်တည်တည်နှင့် ညောင်

စောင့်နတ်ကို ပူဇော်နေပါတယ်။ ညောင်ပင်မှာချည်နှောင်ထားတဲ့ ရောင်စုံဖဲကြိုးတွေကို ငေးကြည့်နေပါတယ်။ သူ့ ရဲ့ လက်စွဲတော်လွယ်အိတ်စုတ်ထဲက ဆေးပြင်းလိပ်ကိုထုတ်လိုက်တယ်။ ကုလားလေးစိတ်ထဲမှာ ထောင်မှူးဦးချစ်နိုင်ရဲ့ ဆုံးမစကားကိုပြန်ကြားယောင်နေမိတယ်။ ဆေးလိပ်ခိုးမသောက်ရဘူးဆိုတဲ့ ထောင်မှူးဦးချစ်နိုင်ရဲ့ ဆုံးမစကားကို စွဲစွဲမြဲမြဲမှတ်ထားတယ်။ နားရွက်ကြားထဲကို ဆေးပြင်းလိပ်ထိုးထည့်လိုက်တယ်။

## အခန်း ၃၂

တိုက်ဖြူဖြူထဲကနေ ကောင်းကင်အစိတ်အပိုင်းအချို့ ကို မြင်ရတော့ တေဇစိတ်ထဲမှာရွှင်လန်းလာတယ်။ စိတ်ထဲမှာကောင်းကင်ပြာလိုမျိုး အသီးအနှံမျိုး ဘယ်သူများစိုက်နိုင်မလဲဆိုတာ စိတ်ကူးယဉ်နေတယ်။ အဲဒီအရောင်မျိုးအသီးကို အာဖရိကတိုက်နှင့် ဘရာဇီးတို့ ဘက်မှာ ရှိတယ်လို့ ကြားဖူးတယ်။ ဒါပေမဲ့ အရသာတော့ ဘယ်လိုရှိပါလိမ့်။

တေဇဟာ ခပ်မာမာစားစရာကို စားချင်တဲ့စိတ် ဖြစ်နေတယ်။ ဒါပေမဲ့ ထမင်းပျော့ပျော့တောင် အတော်စားရတာ။ ပါးစောင်ကသိပ်နာလာတယ်။ တေဇဟာ ရှစ်ပါးသီလကို မြဲအောင်လုပ်နေပါတယ်။ လွယ်လွယ်ပြောရရင် တနေ့ ကို ၂နပ်ဘဲစား စားတယ်ဆိုတာမျိုးဖြစ်တယ်။ တချို့ လူတွေရဲ့ အယူအဆဟာ ဝမ်းဗိုက်ပြည့်မှသီလစောင့်လို့ လွယ်မယ်ဆိုကြတယ်။ ဒါပေမဲ့ တေဇက ဝမ်းဗိုက်ထဲမှာ ဘာမှမရှိမှ သီလစောင့်လို့ ကောင်းတယ်ဆိုပြီး ယူဆထားတယ်။ အထီးကျန်ဆန်တဲ့ လှောင်အိမ်ထဲမှာ မေးရိုးလည်းကျိုးနေတယ်။ ဟားဟားဟား------နဲ့ တေဇစိတ်ထဲမှာကြိတ်ပြီးသဘောကျနေတယ်။ ရှစ်ပါးသီလကို ကလေးလေးတယောက်လို အလွတ်ရွတ်ပြီးကျက်နေသလို စိတ်ထဲကရွတ်ပြီး ကျေနပ်နေတယ်။

(၁) သူတပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကျဉ်ခြင်း၊
(၂) သူတပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကျဉ်ခြင်း၊
(၃) မေထုံမှီဝဲခြင်းမှ ရှောင်ကျဉ်ခြင်း၊
(၄) လိမ်ညာပြောဆိုခြင်းမှ ရှောင်ကျဉ်ခြင်း၊
(၅) အရက်သေစာသောက်စားခြင်းမှ ရှောင်ကျဉ်ခြင်း၊
(၆) နေ့ လွဲညစာစားသောက်ခြင်းမှ ရှောင်ကျဉ်ခြင်း၊
(၇) ကခုန်သီဆိုခြင်းမှ ရှောင်ကျဉ်ခြင်း၊
(၈) ကာမဂုဏ်စည်းစိမ် ယစ်မူးခြင်းမှရှောင်ကျဉ်ခြင်း၊

စသဖြင့် ရှိပေမဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ သာမန်လူတွေဟာ ငါးပါးသီလလောက်ဘဲစောင့်ထိမ်းကြပါတယ်။ တရားထိုင်တဲ့လူတွေဟာ ရှစ်ပါးသီလကိုစောင့်ထိမ်းတတ်ပါတယ်။

ရဟန်းတွေ၊ ဘုန်းတော်ကြီးတွေဟာ ပိုပြီးတင်းတင်းကျပ်ကျပ်စောင့်ထိမ်းပါတယ်။ ရှစ်ပါးသီလကိုပါးစပ်ကအော်ပြီး ရွတ်ချင်ပေမဲ့ မေးစေ့လှုပ်လို့ မရသေးတော့ စိတ်ထဲကဘဲလိုက်မှတ်နေရပါတယ်။ ပြီးခဲ့တဲ့ တပတ်လောက်ကအထိ ပါးစောင်ကွဲနေသေးတော့ တေဇဟာ သူ့ ရဲ့ သွေးတွေပြန်မျိုရသလို ဖြစ်နေတယ်။

ဆရာဝန်ရဲ့ အကြံပေးချက်က ထွေးထုတ်ပစ် (သို့ )ခွက်ထဲကို ထွေးချလို့ ပြောပါတယ်။ တံထွေးထွေးသလို ထွေးထုတ်ဖို့ ပါးစောင်ကကြွက်သားတွေကို မစည်းရုံးနိုင်သေး၍ သွေးတွေလည်း လည်ချောင်းကတဆင့် ဝမ်းဗိုက်ထဲဝင်သွားရပါတယ်။ အသံတချို့ကြားလိုက်တာရင်ဘဲ ဆံပင်တွေအများကြီး ဖြူနေတဲ့ထောင်ဝါဒါရဲ့ မနက်နှုတ်ဆက်ခြင်းကိုဆိုတဲ့ (နေကောင်းလား) ဆိုပြီး ထောင်ဝါဒါရဲ့ နှုတ်ဆက်သံကို တေဇနှစ်သက်မိတာအမှန်ပါ။ ထောင်ဝါဒါရဲ့ နောက်မှာတော့ အလွန်ဟောင်းပြီး နွမ်းနေတဲ့အဖြူရောင်ခြုံထည်နှင့် ထောင်ဆရာဝန်ကို တွေ့ လိုက်ရပါတယ်။

တေဇစိတ်ထဲက ရည်စရာကို သတိရလိုက်တယ်။ ပါးစောင်ရိုးပြုတ်နေတဲ့လူက စကားဘယ်လိုပြန်ပြောရမှာလဲ။ ဆရာဝန်က တေဇရဲ့ မျက်နှာကိုတပတ်ပတ်ပြီး သေချာကြည့်နေတယ်။ ထောင်ဆရာဝန်ဟာ ဝတ်ကျေတန်းကျေလောက်ဘဲ ကုပေးတယ်။ လူနာကိုစမ်းတဲ့နားကျပ်ကို ချိတ်ထားရင်း တေဇကိုမေးစေ့လှုပ်ရှားမှု လေ့ကျင့်ဖို့ ညွှန်ကြားလိုက်တယ်။ ချေးတွေပြည့်နေတဲ့ တေဇရဲ့ လက်သည်းခွံ့ တွေကိုကြည့်ပြီး အားလုံးကောင်းတယ်လို့ ဆိုတယ်။

“အခုလောက်ဆိုရင် စကားနည်းနည်းလောက်စမ်းပြောကြည့်တာ ကောင်းတယ်။ ဒါပေမဲ့ မပြောနဲ့ ။ အခုဟုတ်တယ်၊ မေးရိုးက ယောင်နေတုန်းဘဲ။ အရိုးဖွဲ့ စည်းပုံဟာပုံမှန်ကို မရောက်သေးဘူး။ ငါတခု စိုးရိမ်တာ အဖျားတွေဘာတွေ ဝင်လာလိမ့်မှာ စိုးရိမ်တယ်။ ဆေးနှစ်လုံးထိုးမယ်နော်။ ” ဒါပေမဲ့ ပထမတလုံးကို ဆရာဝန်က တိုးတိုးလေးပြောတယ်။ နာတာသက်သာတဲ့ဆေး “ မော်ဖိန်း ”ကြိုက်တယ်မဟုတ်လား? ထောင်ထဲမှာ တားမြစ်တဲ့ဆေးမျိုးလည်း ရှိနေတယ်။ ဘာလို့ ဒီလောက်သဘောကောင်းတာလည်း တေဇ မသိပါ။

နောက်တလုံးက ပြင်ပရောဂါဆိုး မဝင်အောင် တားတဲ့ဆေးဖြစ်တယ်။ “ တရုပ်က လာတာသိပ်ကောင်းတယ်။ မင်းကို ထောင်ပိုင်ကြီးက ကြည့်ရှုတဲ့သဘောနဲ့ ဒီလိုဆေးတွေ မင်းရတာ။ ” ဒါနဲ့ တေဇဟာရင်ထဲမှာ ဒီရေတွေတိုးသလို ခံစားလာရတယ်။ မော်ဖိန်း တန်ခိုးထပြီးငြိမ်သွားတာပဲ။ ဆေးအရှိန်တက်နေစဉ်မှာ တေဇစဉ်းစားတယ်။ ဒီမော်ဖိန်းကို တေဇအမေက ပို့ ပေးတာလား။ ဒါမှမဟုတ်ရင်၊ ထောင်မှူးကိုချစ်နိုင်က လူမှုရေးအရ ကူညီတာလား။ ဒါမှမဟုတ် နတ်ကောင်းတွေ မစတာလား။ ? ထောင်ပိုင်ကြီး တကယ်လုပ်ပေးတာလား? ဘာဘဲဖြစ်ဖြစ် တေးဆိုငှက်က သိပ်ကျေနပ်နေတာ အမှန်ပါပဲ။ ဆေးတန်းခိုးပြ

နေရင် လေထဲမှာလွင့်မျောနေတုန်းမှာ တေဇစဉ်းစားတယ်။ တကယ် မေဘ်ဖိန်းမထိုးရင်လည်း ငါဟာ နာကျင်မှုဒဏ်ကို ခံနိုင်ရည်ရှိပြီးသားဘဲ။

တကယ်တော့ တနာရီကျော်ကြာလာတော့လည်း တကယ်ပြန်နလောတာအမှန်ပါ။ တေဇကိုယ်ခန္ဓာထဲမှာ နံ့ကောင်လျှောက်ပြေးနေသလို ခံစားမိတယ်။ ဒီတခါ နာကျင်မှုဟာ တခါမှမခံစားဖူးတဲ့အသစ်ပဲ။ ကြောက်စရာ သူရဲကားကိုကြည့်နေရသလို ရင်တဖိုဖိုဖြစ်နေတယ်။ ဒီခံစားချက်တွေကို ခံစားရင်း တေဇစိတ်ထဲမှာ ငါ–ရှစ်ပါးသီလကို ချိုးဖောက်မိပြီထင်လို့ စဉ်းစားမိပါတယ်။ ဒီလောက်ဇိမ်ကျနေတာဟာ မေဘ်ဖိန်းကြောင့်ဖြစ်တယ်။ မေဘ်ဖိန်းဟာ ရှစ်ပါးသီလကို ချိုးဖောက်စေတဲ့အရာပဲ။

အနားယူမှဲ့ ဖျာပေါ်မှာ လှဲအိပ်ရင်း မီးခိုးရောင်စောင်လေးကို လွှမ်းခြုံလိုက်တယ်။ အခုခံစားမှုဟာ တရားထိုင်ရသလိုနှင့် တူနေသလိုပဲ။ နာကျင်မှုကိုခံစားရသလို ဆိုပေမဲ့ နာတာလည်းမဟုတ်သလိုပဲ။ အဝေးကလာတဲ့ သီချင်းကို နားတေထောင်နေရသလိုပဲ။ နံရံဘက်အသံကြားရသလိုပဲ။ **Free El Salvodor** ရဲ့ လက်ချောင်းလေးလား? မဟုတ်ပါ။ သူ့ သူငယ်ချင်း အိမ်မြှောင်က ပိုးဖလံကို အမဲလိုက်နေတာပါ။ ရင်ထဲမှာ မိုးတိမ်တွေလို လွင့်မျောသွားတယ်။ ဝမ်းနည်းသလိုဘဲ ခံစားရတယ်။ ပြီးခဲ့တဲ့တပတ်က ခံစားရတဲ့ ဆိုးဝါးရက်စက်တဲ့ ညှင်းပမ်းမှုကို ပြန်မြင်ယောင်တယ်။ အဖိုးရဲ့ ခေါ်သံကို ဟိုး––သစ်ပင်မြင့်ပေါ်က လာနေသလိုကြားရတယ်။ အိမ်မြှောင်ဟာ တေဇလက်မောင်းပေါ်မှာ လမ်းလျှောက်သွားတယ်။ လူတယောက်ရဲ့ ပုံရိပ်ကိုမြင်ရတယ်။ ဘယ်သူက ဒီအကျဉ်းခန်းထဲက လွတ်မြောက်သွားမှာလည်း?

မျက်လုံး ပြန်လှန်ကြည့်လိုက်တယ်။ အိမ်မြှောင်က ဖိုးဖလံကောင်ကို ပါးစပ်မှာ ကိုက်နိုင်ပြီး။ နည်းနည်းရှက်သွားသလို ခံစားရတယ်။ အခုတော့ ဒီအိမ်မြှောင်ကို စားစရာမလိုတော့ဘူးမဟုတ်ပါလား။ အိမ်မြှောင်ကို အမဲလိုက်ခဲ့ရတဲ့နေ့ များဟာ အတိတ်မှာဘဲ ကျန်ခဲ့ပါတယ်။ စိတ်ကူးထဲမှာ ရေထဲမျောနေသလို ခံစားရတယ်။ နက်ရှိုင်းတဲ့အပြာရောင် အိမ်မက်ထဲမှာ နှစ်မျောသွားတယ်။

တကယ့်အိမ်မက်လိုလဲ မဟုတ်ဘူး။ သိပြီ–– အတွေးထဲမှာမျောနေတာ။ အိမ်မက်မက်နေတာမဟုတ်ဘူး။ ဒီခန္ဓာကိုယ်ဟာ ဒီအတိုင်းဘဲ။ ပါပေမဲ့ အိမ်ဘေးနားက ခြံထဲကို ခိုးဝင်နေတယ်။ အောင်မင်းက သူ့ ထက်အရင်ရောက်နေတယ်။ အောင်နိုင်သူ စစ်သူကြီးလေသံနှင့် ကြိမ်းဝါးနေတယ်။ မျက်စေ့တွေ ပိတ်နေတယ်။ ဒါပေမဲ့ မြင်နေရတယ်။ အကျဉ်းခန်းထဲကို မြင်နေရတယ်။ အတိတ်ကအဖြစ်တွေ ပြန်မြင်လာတယ်။

တေဇက အစောင့်အကျပ်ဖြစ်ပြီး၊ အောင်မင်းက စစ်သူကြီးဖြစ်တယ်။ ငါ့ရဲ့ တဦးတည်းသော ညီငယ်အောင်မင်း ဝတ်နေကြပုဆိုးကိုလည်း တေဇ မှတ်မိတယ်။ အမှတ်မထင် မေးစေ့ကို လက်သီးနှင့်ထိုးသလိုခံစားရတယ်။ အိမ်မက်ထဲ အကြာကြီးအော်နိုင်တယ်။ ဘာ

မဆိုပြောနိုင်တယ်။  သီချင်းလည်း ဆိုနိုင်ပြီ။ တကယ်တော့ အဲဒီလောက် အကြာကြီး မအော်ရဘူး မဟုတ်လား။

အောင်မင်း

အောင်မင်းနောက်ကို ပြန်လှည့်ကြည့်ရင်း အံကြိတ်လိုက်တာ တွေ့ရတယ်။ တံတိုင်းအရှည်ကြီးနှင့် လမ်းကျဉ်းကျဉ်းလေး သူတို့ မနှစ်သက်တဲ့လူရဲ့ ဖမ်းဆီးခြင်းကိုမခံချင်ဘူး။ ခွင့်ပြုချက်ရလို့ ဘဲ ဦးတိုးခိုင်ကြီးရဲ့ အိမ်ခြံထဲရောက်နေတယ် မဟုတ်လား။ ခြံထဲမှာ ပက်လက်ကုလားထိုင်ရဲ့ ရှက်ဖျင်ပေါ်မှာ ဦးတိုးခိုင်ကြီး ထိုင်နေတယ်မဟုတ်လား။ ငါတို့ လာတာကို ဘိုးတော်မသိဘူးထင်တယ်။ ဒါပေမဲ့ လက်ထဲကမဂ္ဂဇင်း ပြုတ်ကျသွားတယ်။ တေဇသိပ်စိတ်မပူဘူး။ သူတို့ ညီအစ်ကိုနှစ်ယောက်စလုံးဟာ လောက်လေးခွသူရဲကောင်းကြီးတွေပဲ။ တခုပဲစိုးရိမ်တာဟာ မေမေသိသွားမှာ တခုပဲ။ သူများခြံထဲ ခိုးဝင်ပြီး အသီးတွေခိုးစားတာကို မေမေမကြိုက်ဘူးဆိုတာ ညီအစ်ကိုနှစ်ယောက်စလုံးသိတယ်လေ။

“ နေဦး ” အောင်မင်းက သတိပေးလိုက်ရင်း လောက်စာအိတ်ထဲကို ကျောက်တုံးလေးတလုံးထည့်ရင်း ဆွဲပစ်လိုက်တယ်။ လေထဲမှာ သီချင်းသံကြားရတယ်။ အိမ်မြှောင်ကို တိုက်ရိုက်မှန်တယ်။ မြက်ပင်တွေကြားထဲ ပြုတ်ကျသွားတယ်။ တကယ်တော့ အောင်မင်းက တေဇထက်လက်ဖြောင့်တယ်။ နှစ်ယောက်စလုံး ပျော်ရွှင်စွာ သူတို့ တက်လိုက်တဲ့ သားကောင်ကို ငုံ့ကြည့်နေတယ်။ လေထဲမှာ ခြေတွေ၊ လက်တွေ ရုန်းကန်နေတယ်။ တေဇငှက်ကိုချိန်ပြီး အပိုင်ပစ်လိုက်တယ်။ မထိဘူး။ ငှက်ထပျံသွားတယ်။ အောင်မင်းက ဟက်ဟက်ပက်ပက် အော်ရယ်လိုက်တယ်။ “ဟေ့ကောင် မင်းတသက်မှာ ငှက်ကို တခါမှထိအောင် မပစ်နိုင်သေးဘူး။ ”

“ မေမေ ”ခြောက်ကပ်ကပ်အသံနှင့် တေဇခေါ်လိုက်တယ်။

“ သွားတော့၊ အခုအိမ်ကိုပြန်စမ်း ”

အိမ်ရှေ့ခန်းထဲက  ခုံမြင့်မြင့်တွေပေါ်မှာထိုင်ရင်း၊  မေမေကိုစောင့်ကြရတယ်။ ဘုရားစင်ပေါ်က အမွှေးတိုင်အနံ့ ကိုရတယ်။ မေမေဟာ သူတို့ ညီအစ်ကိုနှစ်ယောက်ကို အပေါ်စီးကကြည့်လိုက်တယ်။

“ မင်းတို့ သိသလား၊ သူတပါးအသက်ကို သတ်တာဟာ ငါးပါးသီလရဲ့ အရေးကြီးဆုံးနံပါတ်တစ်ကို ဖောက်ဖျက်တာပဲ။ သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကျဉ်ပါ၏။”

ညီအစ်ညီနှစ်ယောက် သိပ်သဘောကောင်းတဲ့ မေမေ့မျက်နှာကို မော်မကြည့်ရဲကြဘူး။ “မင်းတို့ စဉ်းစားကြည့်စမ်း၊ မကြောက်ကြဘူးလား။ ဘီလူးကြီးတကောင်လို ကြီးတဲ့ နတ်ကြီးတပါးက မင်းတို့ ရဲ့ ခေါင်းတွေကို ကျောက်တုံးအကြီးကြီးထဲ့ထားတဲ့ လေးခွနဲ့ တအားပစ်ခွဲလိုက်မှာ။ အောင်မင်းက “ ဒါပေမဲ့ အခုကျနော်တို့ က ကစားနေကြတာပါ၊ အပျော်

လုပ်တာပါ။ ”

“ ဘာ—— ကစားတယ်ဟုတ်လား။ သူတပါးအသက်ကို သတ်တမ်းကစားကြတာလား။ ” ညီအစ်ကိုနှစ်ယောက် ထိုင်အထဲမှာ ပုပြီးဝင်သွားတယ်။

“ စဉ်းစားကြည့်စမ်း။ ဒေါသသိပ်ထွက်နေတဲ့ နတ်မင်းကြီးက မင်းတို့ အခုပြောသလို မင်းတို့ ကို အပျော်တမ်းသတ်ပစ်မှာကို မင်းတို့ ခေါင်းတွေကြွေမွသွားပြီ။ ပြေးစရာ၊ နေစရာလည်းမရှိ။ ပုန်းစရာနေရာလည်းမရှိ၊ အိမ်မြှောင်လို သဘောထားကြည့်စမ်း။ ဘယ်လိုမှ ပြေးစရာလမ်းမရှိဘူး။ တေဇ—— မင်းကအကြီးဘဲ၊ မင်းမစဉ်းစား မိဘူးလား။ ”

တကယ်တော့ အောင်မင်းဟာ တေဇထက် ပိုပြီးသတ်တာပါ။ ဒါကြောင့် အောင်မင်းကြိတ်ပြီး ငိုနေတယ်။ မျက်ရည်တွေလည်း ရွှဲနေပြီ။ တေဇကတော့ မငိုဘူး။ ဒါပေမဲ့ သိပ်ရှက်တဲ့စိတ်က ရင်ထဲမှာ ပြင်းထန်နေတယ်။ မေမေပြောသလိုဘဲ၊ ဟုတ်တယ်။ ငါဟာအကြီးကောင်ဘဲ။ ပိုပြီးသိတတ်ရမှာပေါ့။

“ တော်ပြီ။ ဆက်ငိုမနေနဲ့ ။ သွားမမှောင်ခင် အခုဘဲသွား။ ဆူးလေဘုရားကြီးဆီကို သာမန်မိခင်မျိုးဟာ ကလေးတွေချည်းဘဲ ဘုရားကိုဘယ်လွှတ်ပါ့မလဲ။ တေဇမေမေ ဒေါ်စန္ဒာဟာ တခြားမိခင်များနှင့် မတူပါ။ တေဇမေမေဟာ စိတ်သိပ်ပြီးခိုင်မာတယ်။ သူ့ ရဲ့ ကလေးတွေကို ဘာသာတရားကို နက်နက်ရှိုင်းရှိုင်း ကိုးကွယ်တဲ့ကလေးကောင်းတွေ ဖြစ်စေချင်တာ၊ သိပ်ကိုဖြစ်စေချင်တာ။

သူတို့ နှစ်ယောက်ထပြီး ရပ်လိုက်ရင်း ထွက်မဲ့တံခါးဘက်ဆီ ငေးကြည့်လိုက်တယ်။
“ ငါမင်းတို့ ကို အမွေးတိုင်နှင့် ပန်းဖိုးပေးလိုက်မယ်။ ဘာမှ ထပ်မပေးဘူး။ မင်းတို့ မှတ်ထားရမှာက အခုမင်းတို့ ဘုရားမှာ အမွှေးတိုင်၊ ပန်းတွေကပ်ပြီး ကိုယ့်အပြစ်ကို ဝန်ချတောင်းပန်ရမယ်။ ဒီပိုက်ဆံကို မင်းတို့ နှစ်ယောက်ရဲ့ မုန့် ဘိုးထဲကဖြတ်မယ်။ ”